(၂) သံဃာများသော ကျောင်းတိုက်ဖြစ်လျှင် သံဃာတော် အားလုံးကို တနေရာ၌ စုဝေးစေ၍ ရှေးနည်းအတိုင်း လျှောက်ထား ခွင့်ပန်နိုင်၏။

(၃) ရှင်လောင်းကို သံဃာ့အထံ မခေါ်ဘဲလည်း ရဟန်း တပါးပါး, သို့မဟုတ် ကိုရင်တပါးပါးကို စေလွှတ်၍ "မည်သည့်ကလေးကို ရှင်ပြုပေးမလို့ပါ" စသည်ဖြင့် ရှေးနည်းအတိုင်း ခွင့်ပန်နိုင်၏။

(၄) သာ၍များသော ကျောင်းတိုက်ဖြစ်၍ အားလုံးကို ခွင့်ပန်ဘို့ ခဲယဉ်းလျှင် ကျောင်းတိုက်အတွင်းရှိ "ခဏ္ဍ သိမ်" ခေါ်သော သိမ်အတွင်းသို့ ခေါ်သွား၍လည်း မည်သူကိုမျှ ခွင့်မပန်ဘဲ ဆံချနိုင်၏။ [ထိုသိမ်၌ ရဟန်း ရှိလျှင်ကား ထိုရဟန်းကို ခွင့်ပန်ရဦးမည်။]

(၅) အိမ်တွန်းကပင် ဆံချပြီးခဲ့သူ သို့မဟုတ် လက်နှစ်သစ်မျှ ဆံပင် မရှည်သေးသူဖြစ်လျှင် ဆံချဘွယ်မလို၊ ဆံကို တပ်၍ ရိတ်စေကာမူ ခွင့်ပန်ဘွယ်လည်း မလို။ [ရဟန်း သာမဏေများမှာ ဆံပင်ကို လက် ၂-သစ်ထက်ရှည် အောင် မထားရ။]

**တစပဉ္စက ကမ္မဋ္ဌာန်း။** ။သံဃာ့အထံ ခွင့်ပန်ပြီးနောက် ရှင်လောင်းကို ဆံချခါနီး၌ ဆရာ့ ရှေ့မှာ ရိုသေစွာ ထိုင်စေ၍ တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြ ပါ၊ ထိုသို့ ပြောပြခိုက်၌ မိဘ ဉာတိများ လာနိုင်လျှင် မိဘ ဉာတိတို့ သဒ္ဓါတရားဖြစ်အောင် အနားမှာ နေပါစေ၊ မအား၍ မလာနိုင်သူကိုကား မခေါ်ပါနှင့်။